# မြန်မာပြည်သူများနှင့် အတူရပ်တည်လျက်ရှိကြောင်း ထုတ်ပြန်ကြေညာချက်

၂၀၂၅ခုနှစ် မတ်လ ၂၈ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ပြင်းထန်သည့်ငလျင်ဒဏ်ခံစားနေကြရသည့် မြန်မာပြည်သူလူထုနှင့် အတူရပ်တည်လျက်ရှိပါကြောင်း International IDEA က ထုတ်ပြန်ကြေညာအပ်ပါသည်။ ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုမှစတင်၍ စစ်အုပ်စုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အလွန်ဆိုးရွားလှသော လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းကို ဤသဘာဝဘေးအန္တရာယ်က ပိုမိုဆိုးရွားစေခဲ့ပါသည်။ ငလျင်မတိုင်မီကပင် ယခုနှစ်တွင် လူဦးရေ သန်း၂၀ခန့် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်လိမ့်မည်ဟု ကုလသမဂ္ဂက ထုတ်ပြန်ထားပါသည်။ ငလျင်၏အကျိုးဆက်အနေဖြင့် ထောက်ပံ့ကူညီမှုများ အလွန်လိုအပ်လျက်ရှိသည့် လူပေါင်းများစွာ၊ မိသားစုပေါင်းများစွာကြုံတွေ့နေရသည့် အခက်အခဲများမှာ ပိုမိုပြင်းထန်လာဖွယ်ရာရှိပါသည်။

ငလျင်လှုပ်ခတ်မှုအပြီး စစ်ကိုင်း၊ မကွေး၊ ရှမ်း နှင့် ကချင်ပြည်နယ်တို့တွင် စစ်တပ်မှ တော်လှန်ရေးတပ်ဖွဲ့များအပေါ် လေကြောင်းတိုက်ခိုက်မှုများဆက်လက်ဆောင်ရွက်နေသည်ကို ကျွန်ုပ်တို့ ရှုံ့ချပါသည်။ ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက်ကျူးလွန်ခြင်းမှာ အကျပ်အတည်းအချိန်ကာလအတွင်းပင်လျှင် လူ့အသက်ကို လုံးဝတန်ဖိုးထားခြင်းမရှိကြောင်း သက်သေပြလျက်ရှိပြီး အပြစ်မဲ့ပြည်သူများမှာလည်း တစ်ပူပေါ်နှစ်ပူဆင့် ဒုက္ခများခံစားရလျက်ရှိပါသည်။

စစ်တပ်ထိန်းချုပ်မှုမရှိသော နေရာများအပါအဝင် မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားဆီသို့ ဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရောက်ရှိရန် အရေးကြီးပါသည်။ ၂၀၀၈ခုနှစ် နာဂစ်ဆိုင်ကလုံးမုန်တိုင်းပြီးနောက်တွင်လည်းကောင်း၊ စစ်အာဏာသိမ်းမှုမှစတင်၍လည်းကောင်း အကူအညီများဖြန့်ဝေခြင်းအား ကြန့်ကြာစေခြင်း၊ ဟန့်တားခြင်း၊ ထိန်းချုပ်ကန့်သတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဘေးအန္တရာယ်ကယ်ဆယ်ရေးထက် စစ်အသုံးစားရိတ်ကို ဦးစားပေးပြီး ပြည်သူလူထု၏ ကောင်းကျိုးချမ်းသာကို ထည့်သွင်းစဉ်းစားခြင်းမရှိသော စစ်တပ်ထံသို့ ထိုထောက်ပံ့ရေးအကူအညီများ မရောက်ရှိစေရန်အရေးကြီးပါသည်။ စစ်အုပ်စု၏ ယခင်က လျစ်လျူရှုဆောင်ရွက်မှုများကိုကြည့်ခြင်းအားဖြင့် အကူအညီများကို အမှန်တကယ်လိုအပ်နေသည့် လူထုထံရောက်ရှိစေရန် ပွင့်လင်းမြင်သာမှုရှိသော နည်းလမ်းများ အလျင်အမြန် ချမှတ်ဆောင်ရွက်ရန်လိုအပ်နေကြောင်းကို မီးမောင်းထိုးပြနေပါသည်။

ငလျင်ဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မှုအား အထောက်အကူပြုစေရန် ထိုးစစ်ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်းနှင့် ကယ်ဆယ်ရေးအကူအညီများလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရက ထုတ်ပြန်လာသည့်အပေါ် ကျွန်ုပ်တို့က ကြိုဆိုပါသည်။ ဤကဲ့သို့စာနာထောက်ထားမှုရှိသည့် လုပ်ရပ်သည် စစ်ရေးထက် ပြည်သူလူထု၏ လိုအပ်ချက်များကို ပိုမိုအလေးထားကြောင်းပြသမှုဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်နေချိန်တွင် ပြည်သူများနှင့်အတူတကွရှိနေကြောင်းကိုလည်း ပြသခြင်းပင်ဖြစ်သည်။ လူသားချင်းစာနာ

ထောက်ထားမှုအကူအညီများ အဟန့်အတားမရှိ ပေးပို့ဆောင်ရွက်နိုင်ရေးအတွက် ဘက်အားလုံးအား အပြည့်အဝအပစ်အခတ်ရပ်စဲကြပါရန် ကျွန်ုပ်တို့က တိုက်တွန်းလိုက်ပါသည်။

နိုင်ငံတကာအသိုက်အဝန်းအား လူသားချင်းစာနာထောက်ထားမှုအခြေခံမူများကို ကိုင်စွဲ၍ ထောက်ပံ့ကူညီမှုများဆောင်ရွက်ပေးပါရန်နှင့် ကယ်ဆယ်ရေးအကူအညီများပေးအပ်ရာတွင်လည်း စစ်အုပ်စုအားတရားဝင်မှုပေးခြင်းကို ရှောင်ကြဉ်ပြီး မြန်မာပြည်သူများ၏လိုအပ်ချက်များကို ဦးစားပေး အလေးထားဆောင်ရွက်ရန် ကျွန်ုပ်တို့ကတောင်းဆိုပါသည်။ အထိအခိုက်ခံရသောလူထုကို ထောက်ပံ့ကူညီခြင်းဖြင့်သာ ၎င်းတို့၏ဒုက္ခဆင်းရဲများကိုသက်သာစေမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအတွက် လမ်းစဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

ဤဆိုးရွားလှသောအဖြစ်အပျက်ဒဏ်ကို ခံစားကြုံတွေ့နေရသည့် ပြည်သူများအား ကျွန်ုပ်တို့က အောက်မေ့သတိရလျက်ရှိကြောင်းနှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လူမှုဘဝဖူလုံပြည့်စုံရေးအတွက် ဒီမိုကရေစီရရှိရေးကြိုးပမ်းဆောင်ရွက်နေကြသည့် မြန်မာပြည်သူလူထုအပေါ် ထားရှိသော ကျွန်ုပ်တို့၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုအပ်ပါသည်။